# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊
# ကိုင်းတောမကျေးရွာ၏ ကျေးရွာလက်စွဲစာအုပ်



ရွာဦးစေတီ



အ.ထ.က ကိုင်းတောမ



တိုက်နယ်ဆေးရုံ (ကိုင်းတောမ)



ရဲစခန်း (ကိုင်းတောမ)

Scanned by CamScanner

## မာတိကာ

၁။ ကျေးရူးတင်ဝှက်ပြုလွှာ

၂။ မာတိကာ ( မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်---

- ဦးအောင်မင်းနိုင်လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ။

၇။ ရာသီခွင်ပြဇယား ။

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း။

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ။

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ ။

၁၁။ ထူးခြားဖြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြ ဇယား။

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan) ။

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှုဇယား။

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။

Scanned by CamScanner

# မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး
# ညွှန်ကြားရေးမှူး ဦးစန်းလွင် ၏
# ဥယျောဇဉ်

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများကဲ့သို့ အထက်မှ စတင်ပြောင်းလဲခြင်း များ အရေးကြီးလှပါသည်။ ကျယ်ပြန့်လှသော ပြည်သူ့အလွှာစုံနှင့် ကျေးလက်ဒေသနေ ပြည်သူများ ၏ လိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းနိုင်ရေးအတွက် အောက်ခြေမှစတင်သည့် ပြည်သူ ဗဟိုပြု စီမံချက်များကို ပြည်သူများကိုယ်တိုင် စုစည်း၍ ပါဝင်ဆောင်ရွက်မှုများလည်း အလွန်ပင် အရေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုသို့ လိုအပ်သော လုပ်ဆောင်ချက်တစ်ခုကို Action Aid Myanmar က အဖွဲ့အစည်း အသီးသီးနှင့် ဆက်စပ်ပူးပေါင်း၍ **“ အားလုံးအကျုံးဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်း ရေးဆွဲခြင်း”** လုပ်ငန်းစဉ်ဖြင့် ကျေးရွာလက်စွဲစာအုပ် (Village Book)များ ဖော်ထုတ် ရေးဆွဲ ပြုစုခြင်းဖြင့် အားဖြည့်လုပ်ဆောင်မှုကို ကြိုဆိုကြမည်ဟု ယူဆပါသည်။

ကျေးရွာလက်စွဲစာအုပ်များတွင် ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံများကိုယ်တိုင် မိမိရွာ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း၊ စိန်ခေါ်မှုများ၏ ပြဿနာ အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း တို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာရေးကိုလည်း အားလုံးက အပြုသဘောဆောင်သည့် အတွေးအခေါ်ခံယူချက်များဖြင့် အားဖြည့် ဆောင်ရွက်ကြရမှာလည်း ဖြစ်ပါသည်။ ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် စစ်မှန် ထိရောက်သော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် ယခုအစပြုမည့် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေကို ပြည့်ဝစွာ အသုံးချ၍ ပြည်သူ့ဝန်ထမ်းများနှင့်အတူ ကျေးလက်နေပြည်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေကြောင်း စေတနာအရင်းခံဖြင့် ဆန္ဒပြုအပ်ပါသည်။

ဦးစန်းလွင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

Scanned by CamScanner

# ကျေးရူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု၊ ကျေးရွာ အုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၁) စတုရန်းမိုင်ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမူဂါဒရေးရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိကကျပါတယ်။ အဲဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဝန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ်ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုကကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအမံများ ရေးဆွဲနိုင်မှသာပြည်သူအများ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

Scanned by CamScanner

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အောဒ်မြန်မာတို့ ပူးပေါင်း၍ **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားဖို့နဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေဒ့် မြန်မာ၏ပံ့ပိုးမှုဖြင့် မြို့တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အထူးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခုဖြစ်ထွန်း လာဖို့အတွက် စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် ခံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစံနစ် (GoodGovernance) ၏ အခြင်းအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစု၏သဘောကိုရှေးရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

Scanned by CamScanner

ဝတဲ့အခြင်းအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ပိုင်းဂန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် လိုစိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ပြည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး အတွက် အခုလိုနည်းပညာပိုင်းအရဆက်စပ်ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ် သင်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ( )လ ၊ ( )ရက်

Scanned by CamScanner

actionaid

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုး၍ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့တွင် သင်တန်းတက်ရောက်ခဲ့ပါသည်။ ကျေးရွာလက်စွဲစာအုပ် အောင်မြင်စွာပေါ်ထွက်လာစေရန်အတွက် မြိုင်မြို့နယ် မြို့နယ်ဌာနဆိုင်ရာများ၏ တာဝန်ပေးချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စား ဒုတိယဦးစီးမှူး ဦးရဲကျော်သူဂင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနကိုယ်စား ဦးစီးမှူး ဒေါ်စန်းစန်းမြင့် နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဂင်းတို့မှလည်း အဓိက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် လူမှုလုပ်သော ဘေးအန္တရာယ်များ နှင့် သဘာဝဘေးအန္တရာယ်တို့ကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကို မည်ကဲ့သို့ လျော့နိုင်မည် အစရှိသည့် နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေခြင်းဖြစ်၍ ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက် ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

Scanned by CamScanner

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ ဖွံ့ဖြိုးတိုးတက်ရေးတွင် အနှောင့်အယှက်အန္တရာယ်တို့ လျော့နည်းကာ ကျေးရွာတရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ အက်ရှင်အေ့ဒ် (မြန်မာ)အဖွဲ့မှ ကူညီကာ မှတ်တမ်းပြုစု အပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှလည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် သိရှိ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

ဦးအောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေ့ဒ် (မြန်မာ)

၀၉-၇၉၄၄၀၂၆၉၇၊ ၀၆၂-၆၀၄၁၂

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကိုသေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင် သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်းဖြစ်ပါသည်။

အထူးမှာ ------ ယခုကဲ့သို့ ကျေးရွာသူ ကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အများအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ ထိရောက်အောင်မြင်မှာမလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ် မခင်မူယာဆွေ၊ မအကြင်နာမေသဲဖြူ၊ ကိုချမ်းမင်းဦး နှင့် ကျေးရွာသူ ကျေးရွာသားများ၊ အက်ရှင်အေဒ့် (မြန်မာ) မှ ကွင်းဆင်းဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သိပညာရှင်များပင် ဖြစ်ပါတော့သည်။

Soe

ကျေးရွာအုပ်ချုပ်ရေးမှူး
ကိုင်းတောမကျေးရွာ၊ ကိုင်းတောမအုပ်စု
မြိုင်မြို့နယ်

Scanned by CamScanner

# မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေကြီး၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

Scanned by CamScanner

**ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်**

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များ သဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာ အသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကို ဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်း အကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂုမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲ များသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသော ကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်း ပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျ သိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင် စေရန်။

**ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်**

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေး အမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန် ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေး တိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

Scanned by CamScanner

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၄င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

Scanned by CamScanner

- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျှက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်**

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

Scanned by CamScanner

**ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဖေယားရေးဆွဲရခြင်းရည်ရွယ်ချက်**

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

**အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်**

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- " ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည် "ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

## ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

| | | |
|---|---|---|
| ကျေးရွာအမည် | -- | ကိုင်းတောမကျေးရွာ |
| ကျေးရွာအုပ်စု | -- | ကိုင်းတောမအုပ်စု |
| မြို့နယ် | -- | မြိုင်မြို့နယ် |
| တိုင်းဒေသကြီး | -- | မကွေးတိုင်းဒေသကြီး |
| မိသားစု စုစုပေါင်း | -- | (၁၉၈) စု |
| အိမ်ထောင်စု စုစုပေါင်း | -- | (၁၄၇) ဦး |

### အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၃၁၅ | ၃၅၇ | ၆၇၂ |
| ၀ မှ ၅ နှစ်အောက် | ၁၄ | ၃၂ | ၄၆ |
| ၅ မှ ၁၃ နှစ်အောက် | ၃၈ | ၃၄ | ၇၂ |
| ၁၃ မှ ၁၈ နှစ်အောက် | ၁၈ | ၂၆ | ၄၄ |
| ၁၈ မှ ၃၅ နှစ်အောက် | ၁၀၇ | ၁၀၂ | ၂၀၉ |
| ၃၅ မှ ၆၀ အောက် | ၁၀၈ | ၁၀၉ | ၂၁၇ |
| ၆၀ နှစ် နှင့် အထက် | ၃၀ | ၅၄ | ၈၂ |

| မိသားစုအမျိုးအစား | တောင်သူ | ဝန်ထမ်း | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၁၀ | | ၁၇ | | |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | | | ၄ | | |
| မသန်စွမ်းဦးဆောင်မိသားစု | | | | | |

### အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုများ

| | | |
|---|---|---|
| ဆိုင်ကယ် | - | ၁၅၅ စီး |
| ဖုန်း | - | ၂၅၅ လုံး |
| နွားလှည်း | - | ၄ စီး |
| နွားလှည်း (ရေစည်) | - | |
| တီဗွီ/ ဗီဒီယို | - | ၈၀ |
| စက်ဘီး | - | ၁၅ စီး |
| ဂြိုလ်တု စလောင်း | - | ၆၅လုံး |
| နွားစာစဉ်းစက် | - | |
| ဆီကြိတ်စက် | - | ၇ လုံး |
| အပ်ချုပ်စက် | - | ၈ လုံး |
| ရွှေလှေ့စက် | - | |

Scanned by CamScanner

ရိတ်သိမ်းစက် -
လယ်ထွန်စက် -
လက်တွန်းထွန်စက် -
သုံးဘီး - ၁စီး
ထော်လာဂျီ -
ကား - ၁၂ စီး
ရေနံတူးစက် -

**မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ**

နွား (ခိုင်း) - ၈ ကောင်
နွား (မွေး) - ၁၂ ကောင်
ဝက် - ၆ ကောင်
ကြက်ခြံ - ၁ ခြံ
ဆိတ် -

**ရွှေ့ပြောင်းလုပ်သားဦးရေ**

ပြည်တွင်း - ၁၁၀ ဦး
ပြည်ပ - ၂၇ ဦး

**စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)**

လယ်မြေ -
ယာမြေ - ၁၅၀ / ဧက
ဥယျာဉ်ခြံ -
ပလပ်မြေ/ ကျစ်မြေ -
သနပ်ခါးစိုက်ပျိုးမြေ -
စကျက်မြေ -
သစ်တောမြေ -

**သောက်သုံးရေရရှိမှု**

အဝီစိစက်ရေတွင်း - ၂၇ တွင်း
ရေလှောင်ကန် -
ငွေကျယ် ရေတွင်း - ၁၈ တွင်း
မြေသားရေကန် -
မြစ် -
ချောင်း -
ဆည် -
လက်နှိပ်တုံကင် -
ရေပိုက်လိုင်းသွယ် -

Scanned by CamScanner

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကြောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| 1 | နေ့စားလုပ်သား | ၄၆ ဦး |
| 2 | ထန်းတောပိုင်သူ<br>ထန်းပင် (၂၀) အောက်ပိုင်သူ<br>ထန်းပင် (၂၀ မှ ၅၀ ကြား) ပိုင်သူ<br>ထန်းပင် (၅၀ မှ ၁၀၀ ကြား) ပိုင်သူ<br>ထန်းပင် (၁၀၀) အထက်ပိုင်သူ | |
| 3 | ထန်းလုပ်သား | ၅ ဦး |
| 4 | ဈေးရောင်း<br>အကြော် / ပဲပြုတ်<br>ဟင်းသီးဟင်းရွက်<br>ကုန်စုံဆိုင် (အကြီး)<br>ကုန်စုံဆိုင် (အသေး)<br>ဆေးဆိုင်<br>ထမင်းဆိုင်<br>အထည်ဆိုင် | <br>၅ ဦး<br>၆ ဦး<br>၅ ဦး<br>၁၀ ဦး<br>၂ ဦး<br>၂ ဦး<br>၄ ဦး |
| 5 | လယ်ယာပိုင်သူ<br>လယ် / ယာ (၁) ဧက အောက်ပိုင်သူ<br>လယ် / ယာ (၂) ဧက အောက်ပိုင်သူ<br>လယ် / ယာ (၃) ဧက အောက်ပိုင်သူ<br>လယ် / ယာ (၄) ဧက အောက်ပိုင်သူ<br>လယ် / ယာ (၅ မှ ၉) ဧကကြားပိုင်သူ<br>လယ် / ယာ (၁၀) ဧကနှင့် အထက်ပိုင်သူ | <br>၂ ဦး<br>၈ ဦး<br>၅ ဦး<br>၆ ဦး<br>၁၀ ဦး<br>၄ ဦး |

## ပညာရေးအခြေအနေ

ကျောင်းအမျိုးအစား/ ဝန်ထမ်း - အ.ထ.က ကိုင်းတောမ

ကျောင်းဆရာ - ၈ ယောက်

ကျောင်းဆရာမ - ၂၅ ယောက်

ရုံးဝန်ထမ်း - ၆ ယောက်

မှူကြီးဆရာမ - ၂ ယောက်

## ပညာတက်မြောက်မှု

ဘွဲ့ရ - ၈၂ ဦး

အထက်တန်းအောင် - ၃၂ ဦး

အထက်တန်း - ၁၃၅ ဦး

Scanned by CamScanner

| | | |
|---|---|---|
| အလယ်တန်း | - | ၁၄၁ ဦး |
| မူလတန်း | - | ၁၉၆ ဦး |
| ဘက | - | ၅၂ ဦး |
| ပညာမတတ် | - | ၃ ဦး |
| အသုံးလုံး | - | |
| မူကြို | - | ၂၀ ဦး |

**ကျန်းမာရေး**

| | | |
|---|---|---|
| ဆေးခန်း | - | ကျန်းမာရေးဆေးပေးခန်း |
| အရံသားဖွား | - | ၂ ယောက် |
| ဆေးဆရာ | - | |
| သူနာပြု | - | |
| တိုင်းရင်းဆေး | - | ၁ ယောက် |
| အရပ်လက်သည် | - | |
| ဘိန်းတော | - | |

**ကျန်မာရေး ဆိုင်ရာအခြေအနေ**

| | | |
|---|---|---|
| အိမ်သာအသုံးပြုသော မိသားစု | - | ၁၄၇ |
| အဖြစ်များသောရောဂါများ | - | သေးတိုး၊ နလုံး၊ တုတ်ကွေး၊ ကင်ဆာ၊ ငှက်ဖျား |

**မသန်စွမ်း**

| | | |
|---|---|---|
| ခြေတစ်ဘက် | - | ၁ |
| ခြေနှစ်ဘက် | - | |
| လက်တစ်ဘက် | - | |
| လက်နှစ်ဘက် | - | |
| ဆွံ့အ | - | ၁ |
| နားမကြား | - | |
| မျက်မမြင် | - | ၁ |
| ကျပ်မပြည့် | - | |

**အလုပ်အကိုင်ဆိုင်ရာများ**

| | | |
|---|---|---|
| တောင်သူ | - | ၁၉ ဦး |
| ထန်းတက်သူ | - | ၈ ဦး |


Scanned by CamScanner

| | | |
|---|---|---|
| စက်ပြင်သူ | - | ၇ ဦး |
| ပန်းရံလက်သမားသူ | - | ၂၀ ဦး |
| လက်မှုပညာလုပ်ကိုင်သူ | - | |
| ထန်းသားဖျင်းသူ | - | ၃ ဦး |
| ကျောက်ထုသူ | - | |
| မုန့်လုပ်သူ | - | |
| အကြော်ကြော်ရောင်းသူ | - | ၅ ဦး |
| ယက္ကန်းယက်သူ | - | |
| ပန်းဘဲ ပြုလုပ်သူ | - | |
| ရေနံဖော်သူ | - | |
| ဈေးရောင်း | - | ၄၆ ဦး |
| ယာဉ်မောင်း | - | ၂၄ ဦး |
| သံဃဟော | - | ၁၀ ဦး |
| ဝန်ထမ်း | - | ၂၂ ဦး |
| ဆရာ/မ | - | ၃၇ ဦး |
| ဆံသ | - | ၅ ဦး |
| နေ့စား | - | ၁၅၉ ဦး |

Scanned by CamScanner

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏
# လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

ရက်စွဲ၊ ၅- ၁ - ၂၀၁၇




Scanned by CamScanner

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏

# လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံအစီရင်ခံစာ

နေ့စွဲ ။ ။ ၁၃၇၈ ခု၊ ပြာသိုလဆန်း(၈)ရက်

ရက်စွဲ။ ။ ၅ - ၁ - ၂၀၁၇

## တည်နေရာ

ကိုင်းတောမကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တောင်ပိုင်းတွင် တည်ရှိပါသည်။ မြိုင်မြို့နယ်၏ တောင်ဘက်(၁၀)မိုင်ခန့် အကွာတွင်တည်ရှိ၍ ကမ္မမြို့၏ မြောက်ဘက်(၁၀) မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏အကျယ်အဝန်းမှာ (၁)မိုင်ကျော်ပတ်လည်ရှိပါသည်၊ ရွာ၏ အရှေ့မြောက်ဘက်တွင် ရွာသစ်ကျေးရွာ၊ အရှေ့ဘက်တွင် ထန်းငယ်တောကျေးရွာ၊ အနောက်တောင်ဘက်တွင် ကျစ်တီးကျေးရွာ၊ အနောက်ဘက်တွင် ညောင်ကုန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် ဆုံကုန်းကျေးရွာတို့နှင့် ထိစပ်လျက်ရှိပါသည်။ ကိုင်းတောမကျေးရွာသည် လေးထောင့်ပုံသဏ္ဍာန်ရှိပါသည်။

## လူမှုရေးအခြေအနေ

ကိုင်းတောမကျေးရွာ၏ လူဦးရေမှာ ကျား(၃၁၅)ဦး၊ မ(၃၅၇)ဦး၊ စုစုပေါင်း(၆၇၂)ဦး ရှိပါသည်။ အိမ်ခြေစုစုပေါင်း (၁၄၇) အိမ်ရှိ၍၊ အိမ်ထောင်စု စုစုပေါင်း(၁၉၈) ရှိပါသည်။ အသက် (၆၀) နှစ်အထက် လူဦးရေ ကျား(၃၀)၊ မ(၅၄)ဦး စုစုပေါင်း(၈၂)ဦးရှိပါသည်။ (၃၅) မှ (၆၀) အောက်လူဦးရေ ကျား(၁၀၈)ဦး၊ မ(၁၀၉)ဦး၊ စုစုပေါင်း (၂၁၇)ဦးရှိသည်။ အသက်(၁၈)မှ(၃၅) နှစ်အောက် ကျား(၁၀၇) ဦး ၊မ (၁၀၂)ဦး စုစုပေါင်း (၂၀၉)ဦး ရှိပါသည်။ အသက်(၁၃)နှစ် မှ (၁၈)နှစ်အောက် ကျား(၁၈)ဦး မ(၂၆) ဦးစုစုပေါင်း(၄၄) ဦးရှိပါသည်။ အသက်(၅)နှစ် မှ (၁၃)နှစ်အောက်ကျား(၃၈)ဦး၊ မ(၃၄)ဦးစုစုပေါင်း (၇၂)ဦးရှိပါသည်။ အသက်(၀) မှ (၅)နှစ် အောက် ကျား(၁၄)ဦး၊ မ(၃၂) ဦး စုစုပေါင်း(၄၆)ဦးရှိပါသည်။

## စီးပွားရေးအလုပ်အကိုင်

ကိုင်းတောမကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ အရောင်းအဝယ် တို့ဖြစ်သည်။ အဓိကစိုက်ပျိုးသည့် သီးနှံများမှာ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ၊ ပြောင်းတို့ဖြစ်ကြသည်။ အရောင်းအဝယ်လုပ်ငန်းများတွင် စားသောက်ကုန်၊ အဝတ်အထည်၊ အိမ်သုံးပရိဘောဂ၊ အလှကုန်ပစ္စည်း၊ လက်ပစ္စည်းအပိုရောင်းဝယ်ရေးတို့ဖြစ်ကြသည်။ တောင်သူလုပ်ငန်းလုပ်ကိုင်သူ (၂၂)ဦးရှိပြီး၊ ကုန်စုံဆိုင်ကြီး (၅)ဆိုင်၊ ကုန်စုံဆိုင်သေး(၁၀)ဆိုင်၊ အထည်ဆိုင်(၄)ဆိုင်၊ ဆေးဆိုင်(၂)ဆိုင်၊ ထမင်းဆိုင်(၂)ဆိုင်၊ ဘီယာဆိုင်(၁)ဆိုင်၊ အသုပ်ဆိုင်(၃)ဆိုင်၊ အကြော်ဆိုင်( )ဆိုင်၊ ပဲပြုတ်ရောင်းသူ(၁)ဦး၊ ဓာတ်ဆီဆိုင်(၃)ဆိုင်၊ လက်ဖက်ရည်ဆိုင်(၂)ဆိုင်ရှိပြီး ရောင်းချလုပ်ကိုင်ကြသည်။ ထို့ပြင် ကိုင်းတောမ ကမ္မ၊ ပခုက္ကူ၊ မန္တလေး ပြေးဆွဲနေသော ကားလေးစီးရှိပါသည်။ နေ့စားလုပ်ကိုင်သူ (၁၇၀)ရှိပြီး ကျား(၁၁၀)ဦးနှင့် မ(၆၀) ဦးရှိပါသည်။ ပြည်ပသို့သွားရောက်လုပ်ကိုင်သူ (၂၇)ဦးရှိပြီး ရွှေလီ၊ ထိုင်း၊ မလေးရှား တို့တွင် သွားရောက်လုပ်ကိုင် ကြပါသည်။ ပြည်တွင်းအခြားမြို့များသို့သွားရောက်လုပ်ကိုင်သူ (၁၁၀) ဦးရှိပါသည်။ ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ ဖားကန့်၊ ခန္တီး၊ ဟုမ္မလင်း၊ မြဝတီနယ်စပ်သို့လည်းသွားရောက်လုပ်ကိုင်ကြပါသည်။

ကိုင်းတောမရွာတွင် အပ်ချုပ်စက်(၈)လုံးရှိပါသည်။ စက်ချုပ်သူ(၅) ဦးရှိပါသည်။ လက်သမားဦးရေ (၈)ဦးရှိပြီး၊ ပန်းရံလုပ်ကိုင်သူ(၁၀)ဦးရှိပါသည်။ အစိုးရဝန်ထမ်းဦးရေပေါင်း(၅၁)ရှိပါသည်။ ရဲဝန်ထမ်း(၃)ဦး၊ စစ်ဗိုလ်(၁)ဦး၊ ကျောင်းဆရာ/မ(၃၇)ဦးရှိပါသည်။ သားဖွားဆရာမ(၂)ဦး၊ စာရေး(၃)ဦး၊ အထွေထွေအုပ်ချုပ်ရေးဌာနမှ ဒုဦးစီးမှူး(၅)ဦးရှိပါသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်ခြံလုပ်ငန်းလုပ်ကိုင်သူ(၃) ဦးရှိပါသည်။ ကြက်အကောင်ရေ တစ်ခြံလျှင်(၁၅၀)ခန့်မွေးမြူပါသည်။ ဝက်(၂)ကောင်မွေးသူ(၄)ဦးခန့်၊ နိုင်းနွားမွေးသူ (၃)ဦး၊ မွေးမြူရေး နွားကောင်ရေ(၁၂)ကောင်ကို မွေးသူ(၂)ဦးရှိပါသည်။ နိုင်းနွားမွေးသူ (၃)ဦးမှာလည်း (၂)ကောင်ခန့် ရှိပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်သူလည်းနည်းပါးပါသည်။ မိတ္တူဆိုင်(၃)ဆိုင်ရှိ၍ ကွန်ပျူတာစာစီ၊ စာရိုက်လည်း လုပ်ကိုင်ကြပါသည်။

**ကျန်းမာရေး**

ကိုင်းတောမကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ တိုက်နယ်ဆေးရုံလည်း မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။ ကျန်းမာရေးမကောင်းလျှင် ကျန်းမားရေးဆေးပေးခန်းသို့ သွားရောက်ကုသ ကြပါသည်။ အရေးပေါ်လူနာများကို မြိုင်၊ ပခုက္ကူ ပြည်သူ့ဆေးရုံကြီးများသို့သွားရောက်ကုသကြပါသည်။ ကိုင်းတောမရွာသူ၊ ရွာသားများတွင် ကျန်းမာရေးအနေနှင့် တီဘီရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဆုပ်ရောဂါ၊ ရင်ကျပ်ရောဂါ၊ လေးဘက်နာရောဂါ၊ စိတ်ကျရောဂါ၊ ကြီးပေါင်းရောဂါတို့ရှိသည်ကိုတွေ့ရပါသည်။ ကျန်းမာရေးဆေးပေးခန်းတွင် ကျန်းမာရေးမှူးတစ်ဦး၊ အပြာဝတ် တစ်ဦး၊ အနီဝတ်သားဖွားတစ်ဦး၊ ကြီးကြပ်တစ်ဦးရှိ၍ လိုအပ်သလို ကုသပေးလျက်ရှိပါသည်။

**ပညာရေး**

ကိုင်းတောမရွာတွင် အ . ထ. က ကိုင်းတောမကျောင်းရှိ၍ ပညာသင်ယူရာတွင် အဆင်ပြေပါ သည်။ ပညာရေးတွင်ဘွဲ့ရ (၈၁)ဦး၊ အထက်တန်းပညာတတ်မြောက်သူ(၁၃၈)ဦး၊ အလယ်တန်းပညာ တတ်မြောက်သူ(၁၃၇)ဦး၊ မူလတန်းပညာတတ်မြောက်သူ(၁၃၇)ဦးရှိပြီး SAVE THE CHILDREN မှ ဖွင့်ပေးထားသော ကျေးရွာပိုင်စာကြည့်တိုက်ရှိပါသည်။ တက္ကသိုလ်ဝင်တန်းစားမေးပွဲအောင်မြင်ပြီးပါက ပခုက္ကူ၊ မုံရွာ၊ မကွေး သို့သွားရောက်ပညာယူကြရပါသည်။ အစိုးရဝန်ထမ်းအလုပ်လုပ်ကိုင်သူ(၄၉) ဦးရှိပါသည်။

**ရာသီဥတုအခြေအနေ**

ကိုင်းတောမရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် ကျရောက်သောကြောင့် မိုးအလွန်နည်းပါး၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပါသည်။ နွေရာသီတွင်အလွန်ပူ၍ ဆောင်းရာသီတွင် အလွန်အေးပါသည်။

**စိုက်ပျိုးရေး**

အဓိကစိုက်ပျိုးသည့် သီးနှံများမှာ မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲစိမ်းငုံ တို့ဖြစ်ကြပါသည်။ သီးနှံများကို မိုးဦးကျခါစတွင် ထွန်ယက်စိုက် ပျိုးကြပါသည်။ မိုးနည်းပြီး၊ မိုးရာသီအချိန်မမှန်သဖြင့် သီးနှံအပျက်အစီးများပြီး တောင်သူလယ်သမားများမှာ ဆုံးရှုံးမှုများပါသည်။ သနပ်ခါးစိုက်ခင်းများလည်းရှိပြီး၊ အိမ်များတွင်လည်း သနပ်ခါးအနည်းငယ်စိုက်ပျိုးကြပါသည်။

**အရင်းအမြစ်အတွက်**

ကိုင်းတောမကျေးရွာတွင် မန်းကျည်းပင်၊ ဇီးပင်၊ သနပ်ခါးပင်၊ လက်ပံပင်၊ ထန်းပင်၊ ရှားပင်၊ သပွတ်ပင်များ ရှိပါသည်။ မန်းကျည်းပင်မှ မန်းကျည်းသီး၊ ထန်းပင်မှ ထန်းလျက်၊ သနပ်ခါးပင်မှ သနပ်ခါး၊ လက်ပံပင်၊ သပွတ်ပင် နှင့် ရှားပင်တို့မှ အိမ်ဆောက်သစ်များရရှိပါသည်။

**ပွဲတော်များ**

တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်တို့ ကျင်းပပါသည်။ နတ်တော်လတွင် ရွာဘုရားပွဲကို စည်စည်ကားကားကျင်းပပါသည်။ ရိုးရာဓလေ့နတ်ပွဲများလည်း ရှိပါသည်။

Scanned by CamScanner

**ရေရရှိမှု**

ကိုင်းတောမကျေးရွာသည် အဝီစိတွင်းမှရရှိသောရေကို သုံးစွဲပါသည်။ ရွာပိုင်အဝီစိတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် အိမ်တိုင်းသို့ ဖြန့်ဝေထားပါသည်။ တစ်မီတာကို (၂၀၀)ပေးရပါသည်။ အဝီစိရေတွင်းပေါင်း (၂၇)တွင်း၊ စက်မှု (၂)နှင့် အခြားကျေးရွာများကလည်း လာရောက်တူးဖော်သုံးစွဲကြပါသည်။ ဝေကျယ်ရေတွင်း (၁၈)တွင်းရှိပါသည်။ အဝီစိရေတွင်း တူးဖော်မှုများသောကြောင့် ဝေကျယ်ရေတွင်းများရေခမ်းလာပါသည်။

**ထိခိုက်လွယ်သူ**

ကိုင်းတောမရွာ၏ ထိခိုက်လွယ်သူဦးရေမှာ (၃၀)လောက်ရှိပါသည်။ ကျောင်းသူ/ ကျောင်းသားများ၏ ဝင်ငွေထွက်ငွေမကိုက်ညီသူများလည်းရှိပါသည်။ တစ်နေ့တာဝင်ငွေနည်းပါးသူများလည်းရှိပါသည်။ ကုန်ဈေးနှုန်းကြီး၍ စားဝတ်နေရေးအဆင်မပြေသူများကိုလည်း တွေ့ရပါသည်။

**အခြား**

ကိုင်းတောမကျေးရွာတွင် ကိုယ်ထူကိုယ်ထဖြင့် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။ သို့ရာတွင် (Single) လိုင်းဖြစ်သောကြောင့် မီးအားမမှီပါ။ စာကြည့်တိုက်ရှိသော်လည်း သက်ဝင်လှုပ်ရှားမှုမရှိပါ။

အစီရင်ခံစာရေးသူအမည် - မအိဖြူဇော် ခေါင်းဆောင်အမည် -

လက်မှတ် - လက်မှတ် -

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းစတားအုပ်စု၊ ကိုင်းစတားကျေးရွာ၏
လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစည်းအဝေးမှတ်တမ်း

ရက်စွဲ၊ ၁၅ - ၁ - ၂၀၁၇

အစည်းအဝေးပြုလုပ်ခြင်း၏ရည်ရွယ်ချက်

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | နံနက် (၈း၀၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ကျန်းမာရေးစုရပ် |
| ပြီးဆုံးချိန် | - | နေ့လယ် (၁၂း၀၀)နာရီ |
| ပွဲပိုးသူ၏အမည် | - | |
| ကြာချိန် | - | (၄း၀၀)နာရီ |

အစည်းအဝေးကို စုစုပေါင်း (၅၄)ယောက်တက်ရောက်ခဲ့ပါသည်၊ အစည်းအဝေးကျင်းပခြင်း အကြောင်းအရင်းကို ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင် လူငယ် ကိုချမ်းမင်းဦး၊ ဒေါ်မူမူဆွေ၊ ဒေါ်အက္ကာဝါ တို့မှ ပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း အကြောင်းအရင်းရည်ရွယ်ချက်ကို ပြောကြားပြီး မိမိကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံအား မည်သို့ရေးဆွဲမည်ကို ကျေးရွာလူထုအားမေးမြန်းခဲ့ပါသည်။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို မောင်ရာဇာအောင်မှ တာဝန်ယူရေးဆွဲပါသည်။ မြေပုံဆွဲရာတွင် ပုံကြမ်းနှင့်ပတ်သက်၍ ကိုချမ်းမင်းဦးမှ ပြောပါသည်၊ မြေနေရာ အိမ်ဆွဲရာတွင် ဒေါ်မူမူဆွေမှ အကြံဉာဏ်ပေးပါသည်။ လမ်းနေရာကိုဒေါ်အက္ကာဝါမှ အကြံဉာဏ်ပေးပါသည်၊ အရောင်နှင့် ပတ်သက်၍ ဦးချမ်းမင်းအေးမှ အကြံဉာဏ်ပေးပါသည်။

မှတ်တမ်းရေးသူအမည်
လက်မှတ်

ခေါင်းဆောင်အမည်
လက်မှတ်

Scanned by CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

ရက်စွဲ၊ ၅-၁-၂၀၁၇


| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးသိန်းထိုက်စိုး | | ၂ | ဦးငွေဝင်း | | ၃ | ဦးစိန်ငွေ | |
| ၄ | ဦးဝင်းငွေ (၂) | | ၅ | ဦးအောင်တိုး | | ၆ | ဦးစိုးသိန်း | |
| ၇ | ဦးမင်းဆွေ | | ၈ | ဦးမြင့်ရွှေ (၁) | | ၉ | ဦးကိုကိုနိုင် | |
| ၁၀ | ဦးဖဲကျော် | | ၁၁ | ဦးဝင်းမောင် | | ၁၂ | ဦးကျော်မင်းနိုင် | |
| ၁၃ | ဦးမြင့်နိုင် | | ၁၄ | ဦးမောင်ငွေ | | ၁၅ | ဒေါ်ရွှေရီ | |
| ၁၆ | ဦးရန်း | | ၁၇ | ဦးဖိုးနီ | | ၁၈ | ဦးအောင်ဆွေ | |
| ၁၉ | ဦးသောင်ကြိုင် | | ၂၀ | ဦးဇော်မိုးထွန်း | | ၂၁ | ဦးခင်မောင်ထွန်း | |
| ၂၂ | ဦးကြည်လွင် | | ၂၃ | ဦးတင်မောင်လွင် | | ၂၄ | ဒေါ်စုလှိုင် | |
| ၂၅ | ဒေါ်ခင်လေးမြင့် | | ၂၆ | ဦးဗိုလ်ကြွယ် | | ၂၇ | ဦးဗိုလ်သက် | |
| ၂၈ | ဦးရာဆင့် | | ၂၉ | ဦးဝင်းဇော်ဦး | | ၃၀ | ဦးမြတ်လင်းအောင် | |
| ၃၁ | ဦးဖိုးဆိုး | | ၃၂ | ဦးရွှေဒေါင်း | | ၃၃ | ဦးမောင်လွင် | |
| ၃၄ | ဒေါ်ဝင်းရီ | | ၃၅ | ဦးကြင်လှိုင် | | ၃၆ | ဒေါ်မှုမှုဆွေ | |
| ၃၇ | ဒေါ်အကြင်နာအကျွာဝါမေသဲမြ | | ၃၈ | ကိုချမ်းမင်းဦး | | ၃၉ | ဒေါ်အိမြဇော် | |
| ၄၀ | ဒေါ်အေးသီရိ | | ၄၁ | မဆောင်းသီရိ | | ၄၂ | မဖြိုးအိသဲ | |
| ၄၃ | ဦးချမ်းမင်းအေး | | ၄၄ | ဦးကံမောင် | | ၄၅ | ဦးသန်း | |
| ၄၆ | ဦးဉာဏ်လွင် | | ၄၇ | ဦးဟန်မြင့် | | ၄၈ | ဦးမောင်ပိုင် | |
| ၄၉ | ဦးစာထွေး | | ၅၀ | ဦးတိုးငွေ | | ၅၁ | ဦးအောင်ကျော်လင်း | |
| ၅၂ | ဦးသက်နိုင်ဦး | | ၅၃ | ဦးအောင်ဆွေလင်း | | ၅၄ | ဦးအေးဝင်း | |
| ၅၅ | ဒေါ်ထွေးစိန် | | ၅၆ | ဦးနှင်းရွှေ | | ၅၇ | ဦးမင်းစိုး | |
| ၅၈ | ဦးတင်မြင့် | | ၅၉ | ဦးစိုးတင့် | | ၆၀ | ဦးမောင်ငွေ | |
| ၆၁ | ဦးအောင်ကျော်ဇေ | | ၆၂ | ဦးဖိုးတာ | | ၆၃ | ဦးအောင်ငွေ | |
| ၆၄ | ဦးငွေဆွေ | | ၆၅ | ဒေါ်ပြုံးရီ | | ၆၆ | ဒေါ်ခင်မိ | |
| ၆၇ | ဦးထွန်းဝင် | | ၆၈ | ဦးမြင့်ရွှေ(၂) | | ၆၉ | ဦးမြင့်ဆွေ | |
| ၇၀ | ဒေါ်နန်းသုလှိုင် | | ၇၁ | ဦးခင်မောင်ဇော် | | ၇၂ | ဦးမောင်ကြွယ် | |
| ၇၃ | ဒေါ်စိန်သန်း | | ၇၄ | ဦးစိုးမိုးထက် | | ၇၅ | ဒေါ်ရင် | |
| ၇၆ | ဒေါ်အေးကြိုင် | | ၇၇ | မောင်ရာဇာအောင် | | ၇၈ | ဒေါ်ငွေညွန့် | |
| ၇၉ | ဒေါ်နှင်းဆွေ | | ၈၀ | ဦးရာငွေ | | ၈၁ | ဦးကျိုးရွှေ | |
| ၈၂ | ဦးငွေကြိုင် | | ၈၃ | ဒေါ်မြင့်စိန် | | ၈၄ | ဦးစိုးနောင် | |
| ၈၅ | ဒေါ်ညို(မ) | | ၈၆ | ဒေါ်ကြင်ရွှေ | | ၈၇ | ဦးအောင်ဆွေမြင့် | |
| ၈၈ | ဦးဝင်းငွေ(၁) | | ၈၉ | ဦးမောင်ဝင်း | | ၉၀ | ဦးဝင်းမောင် | |
| ၉၁ | ဦးအောင်ကျော်စိုး | | ၉၂ | ဦးငြိမ်းဆောင် | | ၉၃ | ဦးမျိုးတင့် | |
| ၉၄ | ဦးစိုးငွေ | | ၉၅ | ဒေါ်ညို (တ) | | ၉၆ | ဦးစန်းကို | |
| ၉၇ | ဦးဇော်မျိုးအောင် | | ၉၈ | ဒေါ်နွေနွေနိုင်စိုး | | ၉၉ | ဒေါ်သီတာအောင် | |
| ၁၀၀ | ဦးစိုးမင်း | | | | | | | |

အစည်းအဝေးတက်ရောက်လာသူများအားစာရင်းကောက်သူအမည် - မဆောင်းသီရိ

လက်မှတ်

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏ ရာသီခွင်ပြဇယား မြေပုံ

ရက်စွဲ၊ ၇-၁-၂၀၁၇



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏

## ရာသီခွင်ပြဇယား အစီရင်ခံစာ

နေ့စွဲ ။ ။ ၁၃၇၈ခု၊ပြာသိုလဆန်း(၁၀)ရက်

ရက်စွဲ။ ။၆. ၁. ၂၀၁၇

### တည်နေရာ

ကိုင်းတောမကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် တောင်ပိုင်းတွင် တည်ရှိပါသည်။ မြိုင်မြို့၏ တောင်ဘက်(၁၀)မိုင်ခန့် အကွာတွင် တည်ရှိ၍ ကမ္မမြို့၏ မြောက်ဘက်(၁၀) မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏ အကျယ်အဝန်းမှာ(၁)မိုင်ကျော် ပတ်လည်ရှိပါသည်။ ရွာ၏အရှေ့မြောက်ဘက်တွင် ရွာသစ်ကျေးရွာ၊ အရှေ့ဘက်တွင် ထန်းငယ်တောကျေးရွာ၊ အနောက်တောင်ဘက်တွင် ကျစ်တီးကျေးရွာ၊ အနောက်ဘက်တွင် ညောင်ကုန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် ဆုံကုန်းကျေးရွာတို့နှင့် ထိစပ်လျက် ရှိပါသည်။ ကိုင်းတောမကျေးရွာသည် လေးထောင့်ပုံသဏ္ဍာန်ရှိပါသည်။

### လူမှုရေးအခြေအနေ

ကိုင်းတောမကျေးရွာ၏ လူဦးရေမှာ ကျား(၃၁၅)ဦး၊ မ(၃၅၇)ဦး၊ စုစုပေါင်း(၆၇၂)ဦးရှိပါသည်။ အိမ်ခြေစုစုပေါင်း(၁၄၇)အိမ်ရှိ၍၊ အိမ်ထောင်စု စုစုပေါင်း (၁၉၈)ရှိပါသည်။ အသက်(၆၀)နှစ် အထက်လူဦးရေ ကျား(၃၀) မ(၅၄)ဦး၊ စုစုပေါင်း(၈၂)ဦးရှိသည်။ (၃၅)နှစ် မှ (၆၀)အောက်လူဦးရေ ကျား(၁၀၈)ဦး၊ မ(၁၀၉)ဦး၊ စုစုပေါင်း(၂၁၇)ဦးရှိသည်။ အသက်(၁၈) မှ (၃၅)နှစ်အောက် ကျား(၁၀၇)ဦး၊ မ(၁၀၂)ဦး ၊ စုစုပေါင်း(၂၀၉)ဦး ရှိပါသည်။ အသက်(၁၃)နှစ် မှ (၁၈)နှစ်အောက် ကျား(၁၈)ဦး၊ မ(၂၆)ဦး၊ စုစုပေါင်း(၄၄)ဦးရှိပါသည်။ အသက်(၅)နှစ် မှ (၁၃)နှစ် အောက်ကျား(၃၈)ဦး၊ မ(၃၄)ဦးစုစုပေါင်း (၇၂)ဦးရှိပါသည်။ အသက်(၀)မှ(၅) နှစ်အောက် ကျား(၁၄)ဦး၊ မ(၃၂)ဦး ၊ စုစုပေါင်း(၄၆)ဦးရှိပါသည်။

### တန်ခူးလ

ကိုင်းတောမရွာရှိ တောင်သူလယ်သမားများသည် တန်ခူးလ မိုးဦးကျသော အချိန်တွင် ထည်ရေးပြင်ကြပါသည်။ နွား၊ ကြက်၊ ဝက်မွေးမြူ၍ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူများလည်းရှိပါသည်။ တန်ခူးလတွင် နွားများ၌ ခွာနာ၊ လျှာနာ၊ လေးဘက်နာရောဂါဖြစ်တတ်ပြီး၊ ကြက်များတွင် ကြက်ဌက်တုတ်ကွေး ဖြစ်တတ်ပါသည်။ ဝက်များတွင် ဆီးချုပ်၊ ဝမ်းချုပ်ရောဂါ များဖြစ်တတ်ပါသည်။ လူကျန်းမာရေးတွင် မျက်စိနာခြင်း၊ ဆီးချုပ်ဝမ်းချုပ်ရောဂါများ ဖြစ်တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် အိမ်တိုင်းသို့ ဖြန့်ဝေထားပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀)ရှိ၍ ထွက်ငွေမှာ (၁၇၀၀၀၀)ရှိပါသည်။ အလုပ်ပုံမှန်မရှိ၍ ဝင်ငွေထွက်ငွေ မျှတမှု မရှိပါ။ ထွက်ငွေမှာများနေပါသည်။ တန်းခူးလတွင် ထန်းတက်သူ မိသားစု၏ ဝင်ငွေမှာ (၃၀၀၀၀၀)ရှိပြီး၊ ထွက်ငွေမှာ(၂၀၀၀၀၀)ဖြစ်ပါသည်။ တန်းခူးလတွင်သင်္ကြန်ပွဲတော်ရှိပါသည် တောင်သူမိသားစု ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ တန်ခူးလတွင် ရွှေ့ပြောင်းလုပ်သားများ ပြန်လာကြပါသည်

### ကဆုန်လ

ကဆုန်လတွင် တောင်သူလယ်သမားများစတင်စိုက်ပျိုးကြပါသည်။ ကြက်၊ ဝက်၊ နွားတို့ကို မွေးမြူကြပါသည်။ ဝက်များတုတ်ကွေးရောဂါဖြစ်တတ်ပါသည်။ လူကျန်းမာရေးတွင် မျက်စိနာခြင်း၊ တုတ်ကွေးဝင်ခြင်းများ ဖြစ်တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကိုပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက် မိသားစုဝင်ငွေမှာ (၃၅၀၀၀၀)ဖြစ်ပြီး၊

Scanned by CamScanner

ထွက်ငွေမှာ(၂၅၀၀၀၀)ဖြစ်ပါသည်။ ထိုလတွင်ညောင်ရေသွင်းပွဲတော်ရှိပါသည်။ တောင်သူ လယ်သမားမိသားစု၌ စိုက်ပျိုးရေးမှရသောဝင်ငွေမရှိ၊ ထွက်ငွေမှာ(၂၅၀၀၀၀)ဖြစ်သည်။ အခြားမြို့များသို့ ရွှေပြောင်းလုပ်ကိုင်သူများလည်း ရှိပါသည်။

**နယုန်လ**

နယုန်လတွင် တောင်သူလယ်သမားများ ပေါင်းသင်ခြင်း၊ ဆေးဖြန်းခြင်းလုပ်ငန်းများ လုပ်ကိုင်လာကြသည်။ အပင်များလည်း ပွင့်စပြုလာပါသည်။ ကြက်၊ ဝက်၊ နွားတို့ကို မွေးမြူကြပါသည်။ နွားများ လျှာနာ၊ ခွာနာ ရောဂါဝင်တတ်ပါသည်။ လူကျန်းမာရေးတွင် နာစီးချောင်းဆိုးဖြစ်တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကိုပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စား မိသားစုဝင်ငွေမှာ (၁၃၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ကျပ်ဖြစ်ပါသည်။ ထန်းတက်သမားမိသားစု ဝင်ငွေမှာ (၁၅၀၀၀၀) ဖြစ်ပြီး ထွက်ငွေမှာ ထွက်ငွေမှာ(၂၅၀၀၀၀)ဖြစ်သည်။ နယုန်လတွင် အလှူ၊ မင်္ဂလာဆောင်ပွဲများ ကျင်းပကြပါသည်။ ထိုလတွင်လည်း အခြားမြို့များသို့ ပြောင်းရွှေ့ လုပ်ကိုင်သူများလည်းရှိပါသည်။ တောင်သူလယ်သမားမိသားစု၌ စိုက်ပျိုးရေးမှရသော ဝင်ငွေမရှိ၊ ထွက်ငွေမှာ (၂၅၀၀၀၀)ဖြစ်သည်။

**ဝါဆိုလ**

ဝါဆိုလတွင် တောင်သူလယ်သမားများ စိုက်ပျိုးထားသော အပင်များမှာ အဖူး၊ အပွင့်၊ အသီးများ ဝေဆာနေပါသည်။ ဝါဆိုလတွင်ဖျက်ပိုးများ ကျတတ်ပါသည်။ မွေးမြူရေးတွင် ကြက်၊ ဝက်၊ နွားတို့ကို မွေးမြူကြပါသည်။ ဝါဆိုလတွင် ကလေးငယ်လေးများ တုတ်ကွေးရောဂါဖြစ်တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကို လုံလောက်စွာ ရရှိပါသည်။ နေ့စားမိသားစု ဝင်ငွေမှာ (၁၃၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀) ဖြစ်သည်။ ထန်းတက်သမား မိသားစုဝင်ငွေမှာ(၃၀၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ(၂၀၀၀၀၀)ဖြစ်သည်။ တောင်သူလယ်သမားမိသားစု၌ စိုက်ပျိုးရေးမှရသော ဝင်ငွေမရှိပါ။ ထွက်ငွေမှာ (၂၀၀၀၀၀)ဖြစ်သည်။ ပြည်တွင်းမြို့များသို့ ပြောင်းရွှေ့လုပ်ကိုင်သူများလည်း ရှိပါသည်။ ဤလ၌ ဆွမ်းကြီးလောင်းပွဲကို ကျင်းပပါသည်။

**ဝါခေါင်းလ**

ဝါခေါင်းလတွင် နှမ်းပင်များရိတ်သိမ်းကြပါသည်။ မြေပဲပင်၊ ပဲစိမ်းငုံပင်များ ဖူးပွင့်နေပါသည်။ ထိုလတွင် ဖျက်ပိုးများလည်း ဝင်တတ်ပါသည်။ ကြက်၊ ဝက်၊ နွားမွေးမြူရေး လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစု ဝင်ငွေမှာ (၁၃၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပြီးဖြစ်ပါသည်။ ထန်းတက်သမားမိသားစု ဝင်ငွေမှာ(၂၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ (၂၀၀၀၀၀)ဖြစ်ပါသည်။ တောင်သူမိသားစုဝင်ငွေမှာ(၃၀၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၂၅၀၀၀၀)ဖြစ်ပါသည်။ ပြည်တွင်းမြို့များသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည် ထိုလတွင် နတ်ပွဲကို ကျင်းပကြပါသည်။

**တော်သလင်းလ**

တော်သလင်းလတွင် ပဲစိမ်းငုံပင်များ အသီးဝေဆာနေပါသည် မြေပဲပင်များလည်း ဥများဥလာပါသည်။ ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ရွာဘုံရေတွင်းမှရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သမားမိသားစုဝင်ငွေမှာ (၂၀၀၀၀၀)ဖြစ်ပြီး ထွက်ငွေမှာ (၂၀၀၀၀၀)ဖြစ်ပါသည်။ တောင်သူမိသားစု၌ စိုက်ပျိုးရေးမှရသောဝင်ငွေမရှိ၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ အခြားမြို့များသို့ ပြောင်းရွှေ့လုပ်ကိုင်သူများလည်း ရှိပါသည်။

Scanned by CamScanner

## သီတင်းကျွတ်လ

သီတင်းကျွတ်လ၌ တောင်သူလယ်သမားများသည် မြေပဲများသိမ်းကြပါသည်။ နှမ်း၊ ဝက်၊ ကြက်တို့ကိုလည်း မွေးမြူကြပါသည်။ ကလေးများ ကျန်းမာရေးချို့တဲ့တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစုဝင်ငွေမှာ(၁၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သမားမိသားစုဝင်ငွေမှာ(၁၀၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်ပါသည်။ တောင်သူလယ်သမားမိသားစုဝင်ငွေမှာ(၃၀၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၂၅၀၀၀၀)ဖြစ်ပါသည်။ သီတင်းကျွတ်လတွင် ရွှေ့ပြောင်းလုပ်သားများ ပြန်လာကြပါသည်။ မီးထွန်းပွဲကိုလည်းကျင်းပပါသည်။

## တန်ဆောင်းမုန်းလ

တန်ဆောင်းမုန်းလတွင် တောင်သူလယ်သမားများသည်မြေပဲများ သိမ်းကြပါသည်။ ကြက်၊ ဝက်၊ နွား ဝါရှိရှာန်များကိုလည်းမွေးမြူကြပါသည်။ ကျန်းမာရေး အားနည်းပြီး တုတ်ကွေးရောဂါ၊ နာစီးချောင်းဆိုးဖြစ်တတ်ပါသည်။ ရွာဘုံ ရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သမားမိသားစု၌ ထန်းမှရသော ဝင်ငွေမရှိပါ။ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်သည်။ တန်ဆောင်မုန်းလတွင် မင်္ဂလာဆောင်များကို ကျင်းပကြပါသည်။ တောင်သူလယ်သမားမိသားစုဝင်ငွေမှာ (၃၀၀၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၂၅၀၀၀၀)ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားများလည်း ပြန်လာလေ့ရှိကြပါသည်။

## နတ်တော်လ

နတ်တော်လတွင် တောင်သူလယ်သမားများသည် မြေပဲများ သိမ်းကြပါသည်။ ကြက်၊ ဝက်၊ နွားများကို အဓိကထား၍ မွေးမြူကြပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစုဝင်ငွေမှာ(၁၅၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ(၂၀၀၀၀၀) ဖြစ်ပါသည်။ ထန်းတက်သမားမိသားစု၌ ထန်းပင်မှရသော ဝင်ငွေမရှိပါ။ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ နတ်တော်လပြည့်ကျော်(၄)ရက် (၅)ရက်တွင် ရွာဦးဘုရားပွဲကို စည်းကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ တောင်သူလယ်သမားမိသားစုဝင်ငွေမှာ(၃၀၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၂၅၀၀၀၀)ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားများလည်း ပြန်လာကြပါသည်။

## ပြာသိုလ

ပြာသိုလ်လတွင် တောင်သူလယ်သမားများသည် ပဲစိမ်းငုံ၊ နံစားပြောင်းတို့ကို သိမ်းကြပါသည်။ ကြက်၊ ဝက်၊ နွားများကို မွေးမြူ၍ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ရွာဘုံရေတွင်းမှရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀) ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သူ မိသားစု၌ ထန်းပင်မှရသောဝင်ငွေမရှိဘဲ ထွက်ငွေမှာ (၁၇၀၀၀၀) ဖြစ်ပါသည်။ ဤလတွင်အလှူပွဲများကို ကျင်းပကြပါသည်။ တောင်သူလယ်သမားမိသားစု၌ စိုက်ပျိုးရေးမှရသော ဝင်ငွေမရှိဘဲ၊ ထွက်ငွေမှာ(၂၅၀၀၀၀) ဖြစ်ပါ သည်။ အခြားမြို့များသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။

## တပို့တွဲလ

တပိုတွဲလတွင် တောင်သူလယ်သမားများသည် ရိတ်သိမ်းထားသော သီးနှံများကို ကမ္မ၊ ပခုက္ကူမြို့များသို့ တင်ပို့ရောင်းချကြပါသည်။ ကြက်၊ ဝက်၊ နွားတို့ကိုလည်း မွေးမြူကြပါသည်။ ကြက်၊ ဝက်၊ နွားတို့တွင် ကျန်းမာရေး အားနည်းတတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေပါသည်။ နေ့စားမိသားစုဝင်ငွေမှာ (၁၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သူ မိသားစု၌ ထန်းပင်မှရသော ဝင်ငွေမရှိဘဲ ထွက်ငွေမှာ (၂၀၀၀၀၀)ဖြစ်ပါသည်။ ဤလတွင် အလှူပွဲများကို ကျင်းပကြပါသည်။ တောင်သူ မိသားစုဝင်ငွေမှာ (၈၀၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ(၂၀၀၀၀၀)ဖြစ်ပါသည်။ အခြားမြို့များသို့ ပြောင်းရွှေ့ လုပ်ကိုင်သူများလည်းရှိပါသည်။

Scanned by CamScanner

*တပေါင်းလ*

တပေါင်းလတွင် တောင်သူလယ်သမားများသည် စိုင်ပျိုးရန် မြေသြဇာရရှိရန် နွားချေး၊ အမှိုက်ဆွေးများကို ယာထဲ၌ချကြပါသည်။ လယ်ယာများထွန်ယက်ကြပါသည်။ မွေးမြူကြပါသည်။ ကြက်၊ ဝက်၊ နွား တိရိစ္ဆာန်များကို ကြက်၊ နွားတို့တွင်ကျန်းမာရေးချို့တဲ့တတ်ပါသည်။ လူကျန်းမာရေး၌ ဝမ်းပျက်ဝမ်းလျော၊ မျက်စိနာ ရောဂါတို့ဖြစ်တတ်ပါသည်။ ရွာဘုံရေတွင်းမှ ရေကို ပိုက်လိုင်းများဖြင့် ဖြန့်ဝေထားပါသည်။ နေ့စားမိသားစု ဝင်ငွေမှာ (၁၅၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ (၁၇၀၀၀၀)ဖြစ်ပါသည်။ ထန်းတက်သူမိသားစုဝင်ငွေမှာ (၅၀၀၀၀၀)ဖြစ်ပြီး၊ ထွက်ငွေမှာ (၂၀၀၀၀၀) ဖြစ်ပါသည်။ ဤလတွင် အလှူပွဲများကို ကျင်းပကြပါသည်။ တောင်သူမိသားစု၌ စိုက်ပျိုးရေးမှရသောဝင်ငွေမရှိဘဲ၊ ထွက်ငွေမှာ(၁၇၀၀၀၀)ဖြစ်ပါသည်။ အခြားမြို့များသို့ သွားရောက် လုပ်ကိုင်သူများလည်းရှိပါသည်။

| | | | | |
|---|---|---|---|---|
| အစီရင်ခံစာရေးသူအမည် | - | မအိဖြူဇော် | ခေါင်းဆောင်အမည် | - |
| လက်မှတ် | - | | လက်မှတ် | - |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမရွာ၏ ရာသီခွင်ပြဇယား အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ရည်ရွယ်ချက်

ရက်စွဲ၊ ၆ . ၁ . ၂၀၁၇

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | နံနက်(၈) နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ကျန်းမာရေးစုရပ် |
| ပြီးဆုံးချိန် | - | နံနက်(၁၁)နာရီ |
| ပံ့ပိုးသူ၏အမည် | - | ဒေါ်မူမူဆွေ၊ဒေါ်အကြင်နာ အဏ္ဏဝါမေသဲဖြူ၊ ကိုချမ်းမင်းဦး |
| ကြာချိန် | - | (၃) နာရီ |

အစည်းအဝေးသို့ စုစုပေါင်း(၅၄)ယောက် တက်ရောက်ခဲ့ပါသည်။ စည်းဝေးကျင်းပခြင်း အကြောင်း အရင်းကို ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ် ကိုချမ်းမင်းဦးမှ ပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် ရာသီခွင်ပြဇယား ရေးဆွဲရခြင်းအကြောင်းအရင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မိမိကျေးရွာ၏ ရာသီခွင်ပြဇယားအား မည်သို့ရေးဆွဲမည်ကို ကျေးရွာလူထုအားမေးမြန်းခဲ့ပါသည်။ ရာသီခွင်ပြဇယားအား မောင်ရာဇာအောင်မှ တာဝန်ယူရေးဆွဲ နေပါသည်။ ဦးမောင်ကျယ်မှ ရာသီအလိုက် စိုက်ပျိုးရေးအကြောင်းကို ပြောကြားခဲ့ပါသည်။ မိသားစုဝင်ငွေနှင့်ပတ်သက်၍ ဦးဝင်းဒွေးမှ ကျားတစ်ယောက်လျှင် တစ်နေ့တာဝင်ငွေ(၃၀၀၀)ကျပ်၊ မိန်းကလေး တစ်ယောက်လျှင် (၂၀၀၀) ကျပ်၊ ပေါင်း(၅၀၀၀)ကျပ် ဝင်ငွေရှိသည် ဟုပြောကြားခဲ့ပါသည်။ တန်ခူး၊ ကဆုန်၊ နယုန်လများတွင်ထန်းဝင်ငွေများ၍ ကျန်သောလများတွင် မရှိသလောက် နည်းပါသည်ဟု ဦးခင်မောင်ထွန်း၊ဦးကြည်လွင်၊ဦးသောင်းကြိုင် တို့မှ ပြောကြားခဲပါသည်။ ဦးမောင်ကျယ်မှ တောင်သူဝင်ငွေနှင့် ပတ်သက်၍ ဝါခေါင်း၊ သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲလများတွင် ဝင်ငွေမမျှ တမျှကို ဒေါ်ထားကြည်၊ ဒေါ်ယဉ်ထွေး၊ ဒေါ်မြင့်စိန်မှ ပြောကြားပါသည်။

အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များမှာ ကျေးရွာရှိ ရွာသူ၊ ရွာသားများအားလုံးပူပေါင်း၍ မိမိတို့၏ ကျေးရွာ၏ ရာသီခွင်ပြဇယားမှ အကြောင်းအရာများအား ဖော်ထုတ်ရေးဆွဲဖြင့် ရာသီခွင်ပြဇယား အလိုက်ဖြစ်စဉ်များကို သိရှိခဲ့ရသည်ကိုတွေ့ရပါသည်။

မှတ်ချက်။ ။ အစည်းအဝေးတွင် ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ အားလုံးပူပေါင်း၍ အောင်မြင်စွာ ဖော်ထုတ် ရေးဆွဲပေးခဲ့ကြောင်း၊ ထိုအစည်းအဝေးမှပင် အနာဂါတ်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ရာသီခွင်ပြဇယားသည် အင်မတန် အရေးပါကြောင်း ကျေရွာနေ ရပ်မိ၊ ရပ်ဖ အားလုံး သိရှိခဲ့ကြပါသည်။

| | | | | | |
|---|---|---|---|---|---|
| မှတ်တမ်းရေးသူအမည် | - | မအေးသီရိ | ခေါင်းအမည် | - | |
| လက်မှတ် | - | | လက်မှတ် | - | |

Scanned by CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

ရက်စွဲ။ ။၄ - ၁ - ၂၀၁၇

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးသိန်းထိုက်စိုး | | ၂ | ဦးဌေးဝင်း | | ၃ | ဦးစိန်ဌေး | |
| ၄ | ဦးဝင်းဌေး (၂) | | ၅ | ဦးအောင်တိုး | | ၆ | ဦးစိုးသိန်း | |
| ၇ | ဦးမင်းဆွေ | | ၈ | ဦးမြင့်ရွှေ (၁) | | ၉ | ဦးကိုကိုနိုင် | |
| ၁၀ | ဦးဖဲကျော် | | ၁၁ | ဦးဝင်းမောင် | | ၁၂ | ဦးကျော်မင်းနိုင် | |
| ၁၃ | ဦးမြင့်နိုင် | | ၁၄ | ဦးမောင်ဌေး | | ၁၅ | ဒေါ်ရွှေရီ | |
| ၁၆ | ဦးရန်း | | ၁၇ | ဦးဖိုးနီ | | ၁၈ | ဦးအောင်ဆွေ | |
| ၁၉ | ဦးသောင်ကြိုင် | | ၂၀ | ဦးဇော်မိုးထွန်း | | ၂၁ | ဦးခင်မောင်ထွန်း | |
| ၂၂ | ဦးကြည်လွင် | | ၂၃ | ဦးတင်မောင်လွင် | | ၂၄ | ဒေါ်စုလှိုင် | |
| ၂၅ | ဒေါ်ခင်လေးမြင့် | | ၂၆ | ဦးဗိုလ်ကြွယ် | | ၂၇ | ဦးဗိုလ်သက် | |
| ၂၈ | ဦးရာဆင့် | | ၂၉ | ဦးဝင်းဇော်ဦး | | ၃၀ | ဦးမြတ်လင်းအောင် | |
| ၃၁ | ဦးဖိုးဆိုး | | ၃၂ | ဦးရွှေဒေါင်း | | ၃၃ | ဦးမောင်လွင် | |
| ၃၄ | ဒေါ်ဝင်းရီ | | ၃၅ | ဦးကြင်လှိုင် | | ၃၆ | ဒေါ်မူမူဆွေ | |
| ၃၇ | ဒေါ်အကြင်နာအက္ကဝါမေသဲဖြူ | | ၃၈ | ကိုချမ်းမင်းဦး | | ၃၉ | ဒေါ်အိဖြူဇော် | |
| ၄၀ | ဒေါ်အေးသီရိ | | ၄၁ | မဆောင်းသီရိ | | ၄၂ | မဖြိုးအိသဲ | |
| ၄၃ | ဦးချမ်းမင်းအေး | | ၄၄ | ဦးကံမောင် | | ၄၅ | ဦးသန်း | |
| ၄၆ | ဦးဉာဏ်လွင် | | ၄၇ | ဦးဟန်မြင့် | | ၄၈ | ဦးမောင်ပိုင် | |
| ၄၉ | ဦးစာထွေး | | ၅၀ | ဦးတိုးငွေ | | ၅၁ | ဦးအောင်ကျော်လင်း | |
| ၅၂ | ဦးသက်နိုင်ဦး | | ၅၃ | ဦးအောင်ဆွေလင်း | | ၅၄ | ဦးအေးဝင်း | |
| ၅၅ | ဒေါ်ထွေးစိန် | | ၅၆ | ဦးနှင်းရွှေ | | ၅၇ | ဦးမင်းစိုး | |
| ၅၈ | ဦးတင်မြင့် | | ၅၉ | ဦးစိုးတင့် | | ၆၀ | ဦးမောင်ဌေး | |
| ၆၁ | ဦးအောင်ကျော်ဇော | | ၆၂ | ဦးဖိုးတာ | | ၆၃ | ဦးအောင်ဌေး | |
| ၆၄ | ဦးဌေးဆွေ | | ၆၅ | ဒေါ်ပြုံးရီ | | ၆၆ | ဒေါ်ခင်မိ | |
| ၆၇ | ဦးထွန်းဝင် | | ၆၈ | ဦးမြင့်ရွှေ(၂) | | ၆၉ | ဦးမြင့်ဆွေ | |
| ၇၀ | ဒေါ်နန်းသူလှိုင် | | ၇၁ | ဦးခင်မောင်ဇော် | | ၇၂ | ဦးမောင်ကြွယ် | |
| ၇၃ | ဒေါ်စိန်သန်း | | ၇၄ | ဦးစိုးမိုးထက် | | ၇၅ | ဒေါ်ရင် | |
| ၇၆ | ဒေါ်အေးကြိုင် | | ၇၇ | မောင်ရာဇာအောင် | | ၇၈ | ဒေါ်ဌေးညွှန့် | |
| ၇၉ | ဒေါ်နှင်းဆွေ | | ၈၀ | ဦးရာဌေး | | ၈၁ | ဦးကျီးရွှေ | |
| ၈၂ | ဦးဌေးကြိုင် | | ၈၃ | ဒေါ်မြင့်စိန် | | ၈၄ | ဦးစိုးနောင် | |
| ၈၅ | ဒေါ်ညို(မ) | | ၈၆ | ဒေါ်ကြင်ရွှေ | | ၈၇ | ဦးအောင်ဆွေမြင့် | |
| ၈၈ | ဦးဝင်းဌေး(၁) | | ၈၉ | ဦးမောင်ဝင်း | | ၉၀ | ဦးဝင်းမောင် | |
| ၉၁ | ဦးအောင်ကျော်စိုး | | ၉၂ | ဦးငြိမ်းဆောင် | | ၉၃ | ဦးမျိုးတင့် | |
| ၉၄ | ဦးစိုးဌေး | | ၉၅ | ဒေါ်ညို (တ) | | ၉၆ | ဦးစန်းကို | |
| ၉၇ | ဦးဇော်မျိုးအောင် | | ၉၈ | ဒေါ်နွေနွေနိုင်စိုး | | ၉၉ | ဒေါ်သီတာအောင် | |
| ၁၀၀ | ဦးစိုးမင်း | | | | | | | |

အစည်းအဝေးတက်ရောက်လာသူများအားစာရင်းကောက်သူအမည် - မဆောင်းသီရိ

လက်မှတ်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏
ဈေးမရှိခြင်းပြဿနာသစ်ပင်

ရက်စွဲ၊ ၇ - ၁ - ၂၀၁၇



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏ ဈေးမရှိခြင်းပြဿနာ သစ်ပင်အစီရင်ခံစာ

၁၃၇၈-ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်
ရက်စွဲ။ ။၅ - ၁ - ၂၀၁၇

**တည်နေရာ**

ကိုင်းတောမကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် တောင်ပိုင်းတွင် တည်ရှိပါသည်။ မြိုင်မြို့၏ တောင်ဘက်(၁၀) မိုင်ခန့်အကွာတွင်တည်ရှိပါ၍ ကမ္မမြို့၏ မြောက်ဘက်(၁၀) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အကျယ်အဝန်းမှာ(၁)မိုင်ကျော် ပတ်လည်ရှိပါသည်။ ရွာ၏ အရှေ့မြောက် ဘက်တွင် ရွာသစ်ကျေးရွာ၊ အရှေ့ဘက်တွင် ထန်းငယ်တောကျေးရွာ၊ အနောက်တောင်ဘက်တွင် ကျစ်ဝင်းကျေးရွာ၊ အနောက်ဘက်တွင် ညောင်ကုန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် ဆုံကုန်းကျေးရွာတို့နှင့် ထိစပ်လျက် ရှိပါသည်။ ကိုင်းတောမကျေးရွာသည် လေးထောင့်ပုံသဏ္ဍာန်ရှိပါသည်။

**လူမှုရေးအခြေအနေ**

ကိုင်းတောမကျေးရွာ၏ လူဦးရေမှာ ကျား(၃၁၅)ဦး၊ မ(၃၅၇)ဦး၊ စုစုပေါင်း(၆၇၂)ဦးရှိပါသည်။ အိမ်ခြေစုစုပေါင်း(၁၄၇) အိမ်ရှိ၍၊ အိမ်ထောင်စုစုပေါင်း(၁၉၈)ရှိပါသည်။ အသက်(၆၀)နှစ်အထက် လူဦးရေကျား(၃၀)မ(၅၄) ဦး စုစုပေါင်း (၈၂) ဦးရှိပါသည်။ (၃၅) မှ (၆၀)အောက် လူဦးရေ ကျား(၁၀၈)ဦး၊ မ(၁၀၉)ဦး စုစုပေါင်း(၂၁၇) ဦးရှိသည်။ အသက်(၁၈)မှ (၃၅)နှစ်အောက် ကျား(၁၀၇)ဦး၊ မ(၁၀၂)ဦး စုစုပေါင်း(၂၀၉)ဦး ရှိပါသည်။ အသက်(၁၃)နှစ် မှ (၁၈)နှစ်အောက် ကျား(၁၈)ဦး ၊ မ(၁၆) ဦး စုစုပေါင်း(၄၄)ဦးရှိပါသည်။ အသက်(၅)နှစ်မှ၊ (၁၃)နှစ်အောက် ကျား (၃၈)ဦး၊ မ(၃၄)ဦး စုစုပေါင်း(၇၂)ဦးရှိပါသည်။ အသက်(၁)မှ(၅) နှစ်အောက် ကျား(၁၄)ဦး၊ မ(၃၂)ဦး စုစုပေါင်း (၄၆) ဦးရှိပါသည်။

ကိုင်းတောမကျေးရွာ၏ အဓိကအခက်အခဲ ပြဿနာမှာ ဈေးမရှိခြင်းပြဿနာဖြစ်ပါသည်။ ဈေးမရှိခြင်းပြဿနာသစ်ပင်နှင့် နှိုင်းယှဉ်ရပါသည်။ သစ်ပင်၏အဓိက ရေသောက်မြစ်မှာ မြေနေရာမရှိခြင်း၊ ဦးဆောင်သူမရှိခြင်း၊ ငွေကြေးလိုအပ်ခြင်း၊ ဖွံ့ဖြိုးမှုနည်းပါးခြင်းတို့ဖြစ်သည်။ ဈေးမရှိခြင်း ပြဿနာသစ်ပင်၏ အကိုင်းအခက်များမှာ စီးပွားရေးအားကောင်းခြင်း၊ ဒေသထွက်ကုန်များ လွယ်ကူစွာ ရောင်းနိုင်ခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ အချိန်ကုန်သက်သာခြင်းဖြစ်ပါသည်။ အသီး၊ အပွင့်များမှာ ဝင်ငွေပေါများခြင်း၊ ဆင်းရဲမှုလျော့နည်းခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားခြင်း၊ အလုပ်ချိန်ပိုရရှိခြင်းဖြစ်ပါသည်။

ဈေးမရှိခြင်း ပြဿနာသစ်ပင်၏ ရေသောက်မြစ်၊ အကိုင်းအခက်၊ အသီးပွင့်များ အပြိုင်အဆိုင် မရရှိခြင်းပြဿနာများ ပေါက်ဖွားလာပါသည်။

အစီရင်ခံစာ ရေးသူအမည် - ဒေါ်အေးသီရိ
လက်မှတ်

ခေါင်းဆောင်အမည်
လက်မှတ်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမအုပ်စု၊ ကိုင်းတောမကျေးရွာ၏
ဈေးမရှိခြင်းပြဿနာ သစ်ပင်ရေးဆွဲခြင်း၏ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ရည်ရွယ်ချက်

ရက်စွဲ၊ ၇ . ၁ . ၂၀၁၇

| | |
|---|---|
| အစည်းအဝေးစတင်ချိန် | နေ့လယ် (၃) နာရီ |
| အစည်းအဝေးကျင့်ပသည့်နေရာ | စရပ် |
| ပွဲပိုးသူ၏အမည် | |
| ပြီးဆုံးချိန် | ညနေ (၆) နာရီ |
| ကြာချိန် | (၃) နာရီ |

